# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 25 , 2023 Volume 65, Number 11

၂၅.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၇ US$ |
| မြန်မာ့ရွှေဈေး | = ၂၉၇၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၃.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၂.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၄.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၆၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၃၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၈-၄-၂၀၂၃ မှ ၂၁-၄-၂၀၂၃) အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်းA1 ကျပ် ၁၄၅၀၊ အောင်ပန်း OK ကျပ် ၁၆၅၀၊ အောင်ပန်း S1 ကျပ် ၁၈၀၀၊ အောင်ပန်း S2 ကျပ် ၁၈၀၀ နှင့် အောင်ပန်း S3 ကျပ် ၁၃၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးဈေးများငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၆၀ စီး (၃၆၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၄၃ စီး (၂၅၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၇ စီး (၁၀၂၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မင်းဘူးမြို့နှင့်ဆိပ်ဖြူမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ မင်းဘူးရှယ်(သစ်) ကျပ် ၁၁၀၀ ၊ မင်းဘူးလတ်ကြီး ကျပ် ၁၁၅၀ ၊ မင်းဘူး လတ်သန့် ကျပ် ၁၂၂၅ ၊ မင်းဘူးလတ်ချော ကျပ် ၁၀၇၅ ၊ ဆိပ်ဖြူရှယ်(သစ်) ကျပ် ၁၁၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၂၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၃၀၀ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၁၀၇၅ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မင်းဘူးရှယ်(သစ်) ကျပ် ၁၅၀ ၊ မင်းဘူးလတ်ကြီး ကျပ် ၂၀၀ ၊ မင်းဘူးလတ်သန့် ကျပ် ၁၇၅ ၊ မင်းဘူးလတ်ချော ကျပ် ၁၂၅၊ ဆိပ်ဖြူရှယ်(သစ်) ကျပ် ၁၅၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၅၀ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၁၂၅ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၂၁ (၁၃၂၆၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၅ စီး (၅၇၀၀၀၀ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၁၂၆ စီး (၇၅၆၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၅၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၂၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၃၇၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၃၉၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၄၁၀၀ အသီးသီး

ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၃၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၄၃၀၀ ( ၁၂၉၀၀၀ ပိဿာ ) ဝင်ရောက် ခဲ့ပြီး ယခု အပတ်တွင် ကြက်သွန်ဖြူအိတ် ၃၂၀၀( ၉၆၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၁၀၀ ( ၃၃၀၀၀ ပိဿာ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: Domestic (Ygn) MITC**

## သဇင်မြေကုန်သ ွယ်မှုဗဟိုဌာနမှ ကုန်သွယ်မှုသတင်း

၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၇ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ စက်မှုကုန်ချောအနေဖြင့် ဇီးယိုထုပ် အရေအတွက် ၄၃ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ဇီးယိုထုပ် အရေအတွက် ၂၀ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ဇီးယိုထုပ် အရေအတွက် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ် ဇီးယိုထုပ်တင်ပို့နိုင်မှု ငွေပမာဏမှာ ၁၀၇၅၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

**Source:** သဇင်မြေကုန်သွယ်မှုဗဟိုဌာန

## ဧပြီ ၂၄ ရက်တွင် ရန်ကုန်ရွှေအသင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၃၃၆၂၀၀ ဝန်းကျင်ဖြင့် ဈေးပိတ်ခဲ့ပြီး ပြင်ပဈေးကွက်၌ ရွှေတစ်ကျပ်သား ကျပ် ၂၉၈၀၀၀၀ ဝန်းကျင်ရှိနေ



ဧပြီ ၂၄ ရက်တွင် ရန်ကုန်ရွှေအသင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၃၃၆၂၀၀ ဝန်းကျင်ဖြင့်ဈေးပိတ်ခဲ့ပြီး ပြင်ပဈေးကွက်၌ ရွှေတစ်ကျပ်သား ကျပ် ၂၉၈၀၀၀၀ ဝန်းကျင်ရှိနေကြောင်း သိရသည်။ ဧပြီ ၂၁ ရက် ပြင်ပဈေးကွက်တွင် ရွှေတစ်ကျပ်သား ကျပ် ၂၉၈၀၀၀၀ ဝန်းကျင် ရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၇၈၅၀၀၀ ဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။ စံချိန်တင်ဈေးနှုန်းအနေဖြင့် ဩဂုတ် ၁၂ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၆ သိန်းသို့ ရောက်ရှိခဲ့ပြီး ဩဂုတ် ၁၃ တစ်ရက်တည်းတွင် နံနက်ပိုင်း၌ ၂၇ သိန်း၊ နေ့လည်ပိုင်းတွင် ၂၈ သိန်းကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ဩဂုတ် ၃၁ ရက်က ၃၆၇၀၀၀၀ ထိ စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့် အမြင့်ဆုံးကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဧပြီတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀-၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉-၁၉၇၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၈၅၉-၂၀၇၅ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၈၄၈-၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၈၅၈-၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄- ၁၉၆၆ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၇၇၆-၁၉၀၆ ဝန်းကျင် ရှိခဲ့ခြင်းဖြစ်သည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေဆိုင်အများစုမှာ ပြင်ပပေါက်ဈေးဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြကြောင်း သိရသည်။

**Source:** https://news-eleven.com/article/247266

## ဆန်ချော/ဆန်ကြမ်းဈေး အတက်ကြမ်းနေ

ယခုရက်ပိုင်းအတွင်း ရန်ကုန်ဈေးကွက်ကို ဆန်ဝင်ရောက်မှု လျော့နည်းလာတာကြောင့် ပြည်တွင်းစားသုံးမှုများတဲ့ ဆန်ချောတွေအပြင် ပြည်ပဈေးကွက်ဝင် ဆန်ကြမ်းတွေပါ အတက်ကြမ်းနေတယ်လို့ သိရှိရပါတယ်။

ပြည်တွင်း/ပြည်ပရဲ့ ဝယ်လိုအားရှိနေချိန် ရုတ်တရက် မြင့်တက်လာတာမျိုးဖြစ်နိုင်ပြီး ဆန်ကုန်စည်ဒိုင်တွေကို ပုံမှန်ဝင်ရောက်တဲ့ ပမာဏအောက် အိတ်ရေ ၁၅၀၀၀ ခန့် လျော့ကျသွားခြင်းနဲ့ ဆက်နွယ်မှုရှိတယ်လို့ ပြောဆိုကြပါတယ်။ ဆန်ဝင်ရောက်မှုလျော့ကျနေချိန်မှာ အရောင်းအဝယ်ကောင်းနေတယ်လို့ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းက ထုတ်ပြန်ပြောဆိုပါတယ်။

အသင်းကနေ ယနေ့(မေ ၂၄)ထုတ်ပြန်ခဲ့တဲ့ ဈေးကွက်အချက်အလက်တွေမှာ ရွှေဘိုပေါ်ဆန်းတစ်အိတ်က ကျပ် (၁၀၅,၀၀၀) အထိ နှစ်ရက်အတွင်း ကျပ် ၈၀၀၀ ခန့် မြင့်တက်သွားကြောင်း ဖော်ပြထားပါတယ်။ ဆန်ကြမ်းအုပ်စုဝင် ရက်-၉၀ ဆန်တစ်အိတ်ဆိုရင် ကျပ် (၆၇,၀၀၀) အထိ (၇၀၀၀) ကျပ်ခန့် မြင့်တက်သွားခဲ့ပြီး လက်လီ သို့မဟုတ် ဆန်ဆိုင်ဈေးတွေဆိုရင် ယခုထက် ပိုမိုမြင့်တက်နိုင်ချေ ရှိပါတယ်။

လက်ရှိအခြေအနေမှာ လျှပ်စစ်မီးလိုအပ်ချက်ကြောင့် ဆန်စက်တွေရဲ့ ပုံမှန်ထုတ်လုပ်နိုင်မှုအောက် ကျဆင်းနေပြီး တဖက်မှာလည်း ဆန်ဝင်ရောက်မှုနည်းပါးလာချိန် ဈေးကစားသူတွေကြောင့်လည်း ဖြစ်နိုင်ချေရှိကြောင်း သုံးသပ်ကြပါတယ်။

**Source:** BETV Business

## ဆန်ဈေးမြင့်တက်စေရန် လှုံ့ဆော်သူများရှိနေဟု ဆန်စပါးအသင်းချုပ်အသိပေးကာ ကုန်သည်၊ ပွဲစားနှင့် စက်ပိုင်များ ချင့်ချိန်ရောင်း/ဝယ်ကြရန် နှိုးဆော်

ယခုရက်ပိုင်းအတွင်း ဆန်ချော/ဆန်ကြမ်းဈေး ရုတ်တရက်မြင့်တက်ခဲ့ပြီးနောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က ကုန်သည်၊ ပွဲစား၊ စက်ပိုင်တွေကို ရေတိုအကျိုးအမြတ်နဲ့ ရေရှည်အကျိုးစီးပွားကို မျှတစွာချင့်ချိန်ရောင်းဝယ်ကြဖို့ အသိပေးလိုက်ပါတယ်။

ပြည်တွင်းစားသုံးဆန် ဈေးနှုန်းတွေ မြင့်တက်စေလိုတဲ့ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေသူတွေရှိနေသောကြောင့် ဆန်ဈေးနှုန်းတည်ငြိမ်စေဖို့နဲ့ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရောင်းအဝယ်မှန်ဖြစ်စေရေး ထိန်းကျောင်းဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။ "အသင်းချုပ်အနေဖြင့် ဆန်စပါးကုန်သည်များအသင်း၊ ကုန်စည်ဒိုင်များ၊ ဆန်စက်ပိုင်များ၊ ဆန်ကုန်သည်များ၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်"လို့ MRF ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ပစ္စည်းမှန်၊ ဈေးနှုန်းမှန်နဲ့ ဆန်ဝယ်ယူလိုသော အဖွဲ့အစည်း/အိမ်ထောင်စုတွေအနေနဲ့ ကုန်စည်ဒိုင်တွေမှာ ဆက်သွယ်ဝယ်ယူနိုင်ပြီး အခက်အခဲရှိမယ်ဆိုရင် အသင်းချုပ်ရုံး၊ ကုန်စည်ဒိုင်ရုံးတွေနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်တယ်လို့ အသိပေးပါတယ်။

ဆန်ဈေးမြင့်တက်စေဖို့နဲ့ စားသုံးသူပြည်သူတွေ စိုးရိမ်ထိတ်လန့်အောင် လှုံ့ဆော်ဆောင်ရွက်သူများ၊ အွန်လိုင်းပေါ်မှာ စိုးရိမ်စိတ်တိုးပွားစေဖို့ မမှန်တဲ့ဈေးနှုန်းများ၊ မမှန်တဲ့သတင်းအချက်အလက်တင်နေသူတွေကို ဆန်စပါးလောကရဲ့ ရေရှည်အကျိုးအတွက် ဝိုင်းဝန်းစိစစ်ဖော်ထုတ်ပြီး သတိပေးဖို့နဲ့ စည်းရုံးပညာပေးသွားမယ်လို့ MRF က ပြောပါတယ်။ "မထူးခြားပါက သက်ဆိုင်ရာထံ တင်ပြရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် သက်ဆိုင်သူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးပါရန် အသိပေးထုတ်ပြန်အပ်ပါသည်"လို့ ဖော်ပြထားပါတယ်။

မနေ့က(မေ ၂၄) ဆန်စပါးကုန်သည်များအသင်းက ထုတ်ပြန်ခဲ့တဲ့ ဈေးကွက်အချက်အလက်တွေမှာ ရွှေဘိုပေါ်ဆန်းတစ်အိတ်က ကျပ် (၁၀၅,၀၀၀) အထိ နှစ်ရက်အတွင်း ကျပ် ၈၀၀၀ ခန့် မြင့်တက်သွားကြောင်း ဖော်ပြထားပါတယ်။

ဆန်ကြမ်းအုပ်စုဝင် ရက် - ၉၀ ဆန်တစ်အိတ်ဆိုရင် ကျပ် (၆၇,၀၀၀) အထိ (၇၀၀၀) ကျပ်ခန့် မြင့်တက်သွားခဲ့ပြီး လက်လီ သို့မဟုတ် ဆန်ဆိုင်ဈေးတွေဆိုရင် ယခုထက် ပိုမိုမြင့်တက်နိုင်ချေရှိပါတယ်။

**Source:** BETV Business

## မြန်မာနိုင်ငံတွင် လျှပ်စစ်သုံး မှန်လုံခရီးသည်တင်ယာဉ်များ မကြာမီပြေးဆွဲပေးမည်

မြန်မာနိုင်ငံတွင် လျှပ်စစ်သုံး မှန်လုံခရီးသည်တင်ယာဉ်များဖြင့် ခရီးစဉ်များ မကြာမီပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း ဧပြီ ၂၃ ရက်က မန္တလာမင်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းမှ သိရသည်။

နေပြည်တော်-ရန်ကုန်ခရီးစဉ်နှင့် နေပြည်တော်-မန္တလေးခရီးစဉ်များကို လျှပ်စစ်သုံးမှန်လုံခရီးသည်တင် VIP 2+1 ယာဉ်ရှစ်စီးဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းသိရပြီး ၎င်းယာဉ်များအနက် ပထမဆုံးနှစ်စီးမှာ ဇွန်လတွင် မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ခရီးစဉ်များအတွက် လျှပ်စစ်သုံး မှန်လုံခရီးသည်တင်ယာဉ်များဖြင့် ပြေးဆွဲမှုသည် မြန်မာ့ခရီးသွားလောကတွင် ပထမဆုံး ဖြစ်လာမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://t.me/sdtimedaily

## အဝယ်လိုက်များလာသည့်အတွက် ကြက်သွန်နီဈေး ပြန်တက်လာ




ဈေးကျဆင်းနေသည့် ကြက်သွန်နီများ အဝယ်လိုက်များလာသည့်အတွက် ဈေးကောင်းနေကြောင်း ကြက်သွန်ဈေးကွက်ထဲမှ သိရသည်။

ဗီယမ်နမ်နိုင်ငံအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကပါ အဝယ်ရှိလာကြောင်းသိရပြီး ကြက်သွန်လှောင်မည့်သူများကပါ လိုက်လံဝယ်ယူမှုများရှိနေသည့်အတွက် ဈေးတက်လာခြင်းဖြစ်ကြောင်း သိရသည်။ "တချို့နယ်တွေမှာ ဈေးလိုက်တယ်လို့ ကြားရတယ်။ ကျနော်တို့ဆီမှာ တစ်ပိဿာကို ၁၂၀၀ အထိရှိတယ်။ အခုက ပြည်တွင်းလှောင်လက်တွေ ပြန်ဆော့လာတဲ့ သဘောပါ။ ဒီချိန်ဆို စဝယ်လာကြပြီ၊ ကြက်သွန်မစိုက်ကြတဲ့သူတွေက ဒီချိန်လှောင်ကြတယ်။ အသုံးစရိတ်လိုတဲ့ တောင်သူတွေကတော့ ထုတ်ရောင်းကြတယ်။ လှောင်လို့တက်ရင်တော့ ဈေးကကြာကြာမခံပါဘူး"ဟု မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်မှ ကြက်သွန်နီစိုက်ကုန်သည် ကိုအောင်စိုးမြင့်က ပြောသည်။

ကြက်သွန်နီ တောဈေးက ယခင်က တစ်ပိဿာ ၇၀၀ သာရှိခဲ့ပြီး သင်္ကြန်အပြီး တစ်ပိဿာလျှင် ၉၀၀ ကျပ်မှ ၁၀၀၀ အထိ ပြန်တက်လာရာမှ လက်ရှိ ၁၂၀၀ မှ ၁၅၀၀ အထိ ဈေးကောင်းနေကြောင်း တောင်သူများထံမှ သိရသည်။ " ဆယ်လပိုင်းအောက်တိုဘာလလောက်မှ စပေါ်တော့မှာ ကြက်သွန်က ပေါ်ချိန်ပြီးသွားပြီ၊ ဒါကြောင့် ဈေးကွက်သိကျွမ်းတဲ့ သူတွေကတော့ ထပ်တက်ဖို့တော့ရှိတယ်လို့ ခန့်မှန်းထားကြတာပဲ၊ တနယ်နဲ့တနယ်လဲ ကံချင်းတူတာမဟုတ်ဘူး။ တချို့နယ်တွေမှာ တောဈေး ၁၅၀၀အထိ ဖြစ်နေကြပြီ" ဟု ကြက်သွန်နီစိုက် တောင်သူတစ်ဦးကပြောသည်။ အထွက်နှုန်းမှာ ပုံမှန်သာရှိခဲ့ပြီး တချို့ဒေသများတွင် အထွက်နှုန်းနည်းနေသောကြောင့် ကြက်သွန်ဈေး ဆက်တက်ဖို့ ရှိကြောင်း တချို့ကုန်သည်များက သုံးသပ်ကြသည်။

ဈေးကောင်းရနေသော်လည်း ယခင်သွင်းအားစုများ ဈေးမတက်ခင်ကရရှိသော ကြက်သွန်ဈေး တစ်ပိဿာ ၅၀၀ မှာ တောင်သူများအနေဖြင့် စိုက်စရိတ်သာရရှိနိုင်ပြီး ယခုစိုက်ပျိုးသည့်အချိန်၊ နုတ်သည့်အချိန်တွင် ငှားရသည့် အလုပ်သမားခများအပါအဝင် မြေဩဇာခများ ဈေးကြီးနေခြင်းကြောင့် ယခုရရှိသည့်ဈေးမှာ အများကြီးတက်လာသည်ဟု ပြောမရသေးကြောင်း တောင်သူများကဆိုသည်။ ကြက်သွန်စိုက်တောင်သူများ ဈေးမရရှိခဲ့သည့်အတွက် သုံးနှစ်ကျော် ဆက်တိုက်အရှုံးပေါ်ခဲ့သည့်အပြင် နိုင်ငံရေးအခြေအနေများနှင့် သွင်းအားစုများ ဈေးမြင့်ခဲ့သောကြောင့် လျော့ချစိုက်ပျိုးခဲ့ကြကာ ဈေးကွက်တွင် စိုက်အားနှင့်ထွက်အားမှာ ပုံမှန်နှစ်များနှင့်ယှဉ်ပါက ၅၀ ရာခိုင်နှုန်းခန့် လျော့ကျခဲ့ကာ ဈေးပြန်လည်ရရှိခဲ့ကြသည်။

လက်လီဈေးကွက်တွင် ကြက်သွန်အမျိုးအစားပေါ်မူတည်ကာ တစ်ပိဿာလျှင် ၁၅၀၀ မှ ၃၅၀၀ ၊ ၄၀၀၀ အထိ အစားစားပေါက်ဈေးရှိကြောင်းသိရသည်။ ကြက်သွန်နီကို ၁၁ လပိုင်းနှင့် ၁၂ လပိုင်းမှာ စတင်စိုက်ပျိုးကြပြီး ၄ လပိုင်းအထိ နွေကြက်သွန်များ ဈေးကွက်အတွင်း ပေါ်လျှက်ရှိကြောင်း သိရသည်။

**(AMIA)**

**Source:** https://t.me/htwettoe

## ပြည်ပသို့ ပဲတင်ပို့မှု ယခင်နှစ်ထက် ထက်ဝက်ခန့်ကျဆင်း

ပြည်တွင်း ပဲစိုက်ပျိုးချိန် မိုးလေဝသမမှန်ခြင်းနှင့် နယ်မြေအခြေအနေများကြောင့် ပဲစိုက်ဒေသများ ရာနှုန်းပြည့် မစိုက်ပျိုးနိုင်ခြင်းကြောင့် ပြည်ပသို့ ပဲတင်ပို့မှုကျဆင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ပဲတင်သွင်းခွင့်ကို အခွန်ကင်းလွတ်ခွင့် ပေးထားပြီး ပို့ကုန် မတ်ပဲပေါက်ဈေးမှာ တစ်တန်လျှင် ဒေါ်လာ ၉၀၀ ကျော်၊ ပဲစင်းငုံမှာ တစ်တန်လျှင် ဒေါ်လာ ၁၀၀၀ ကျော်အထိ ပေါက်ဈေးရှိလာသော်လည်း ပြည်တွင်း ပဲအထွက်နှုန်းကျဆင်းမှု ရှိသောကြောင့် တင်သွင်းမှု လျော့ကျခဲ့ခြင်းဖြစ်သည်။ ယခုနှစ်၂၀၂၂-၂၀၂၃ဘဏ္ဍာ နှစ်တွင် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ မတ် ၁၇ ရက်အထိ ပင်လယ်ရေကြောင်းမှတစ်ဆင့် ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၅ သန်းကျော် တင်ပို့ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ပဲအထွက်နှုန်းကျဆင်းကာ လိုအပ်ချက်ရှိနေသည့်အပြင် ပြည်တွင်းတွင်လည်း ပဲအထွက်နှုန်း ကျဆင်းနေတာကြောင့် သင်္ကြန်ကာလအပြီး ပဲအရောင်းအဝယ်မှာ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

သင်္ကြန်မတိုင်မီက မတ်ပဲတစ်တန်လျှင် ငွေကျပ် သိန်း ၂၀၅၀၀၀၀ ရှိခဲ့ရာမှ လက်ရှိအချိန်တွင် တစ်တန်လျှင် ငွေကျပ်သိန်း ၂၀၆၀၀၀၀၊ ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၂၄ သိန်းအထိ ပေါက်ဈေးမြင့်တက်လာသည်။ ပြည်တွင်းငွေဈေး အပြောင်းအလဲ မရှိတာကြောင့် ဈေးသိသိသာသာမြင့်တက်ခြင်း မဟုတ်သော်လည်း မတ်လပိုင်းမှစတင်ပြီး တဖြည်းဖြည်း မြင့်တက်လာခြင်း ဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (25.4.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Apr. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,245 (Shares) | 12,621,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 22 | 176,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,050 | +50 | +1.67% | 3,000 | 3,050 | 3,000 | 2,106 | 6,354,300 | 38,929,150 | 118,734 |
| MCB | 00003 | 7,600 | +700 | +10.14% | 7,600 | 7,600 | 7,600 | 5 | 38,000 | 10,400,986 | 79,048 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,500 | 1,400 | 4,043 | 5,851,200 | 29,664,613 | 43,014 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 9 | 22,950 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 50 | 130,000 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 25th Apr. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.20 | +5.24 | +1.46% | 363.10 | 365.04 | 362.25 | 6,245 | 12,621,450 | 7 | 641,752 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 11:30 am, 24th Apr. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,496 (Shares) | 4,473,600 (MMK) |

| MYANPIX | 359.23 ▼ 1.94 |
|---|---|
| Total Volume (shares) | 2,496 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 632,988 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 1,400 | ▼ 50 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR